

# Mingalaba
# မင်္ဂလာပါ

I44| November - December 23

## ထရီဇာ၏ ဇာတ်ကြောင်း

ထရီဇာ၏ တောက်ပသောအိပ်မက်များ

# Mingalaba
မင်္ဂလာပါ

ISSUE 44 | NOVEMBER - DECEMBER 2023

## ADRA ၏ အကြောင်း

Adventist Development and Relief Agency (ADRA) သည် သတ္တမနေ့ကို မြော်လင့်ခြင်းအသင်းတော်၏ ကမ္ဘာလုံးဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လက်ရုံးတော်အဖွဲ့တစ်ခုလည်းဖြစ်သည်။ ADRA သည် လူမျိုး၊ နိုင်ငံရေးဆက်နွယ်မှု၊ ကျား၊ မ သို့မဟုတ် ဘာသာရေးအသင်းအဖွဲ့တို့ကို ခွဲခြားခြင်းမရှိဘဲ နိုင်ငံပေါင်း ၁၂ဂ ရှိ ပြည်သူများအတွက် ကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးရေးအကူအညီများကို ပေးအပ်လျက်ရှိသည်။ ဒေသခံလူမှုအဖွဲ့အစည်းများ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် အတူတကွပူးပေါင်းခြင်းအားဖြင့် ကျွန်ုပ်တို့သည် ယဉ်ကျေးမှုအရ သက်ဆိုင်သော အစီအစဉ်များကို ပေးအပ်နိုင်မည်ဖြစ်ပြီး ရေရှည်တည်တံ့သော ပြောင်းလဲမှုအတွက်လည်း စွမ်းဆောင်ရည်ကို တည်ဆောက်နိုင်မည်ဖြစ်သည်။

## ADRA Myanmar ၏ အကြောင်း

ADRA Myanmar သည် မြန်မာနိုင်ငံတွင် အသိအမှတ်ပြုမှတ်ပုံတင်ထားသော INGO တစ်ခုဖြစ်ပြီး ADRA ကွန်ရက်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်နေသော အဖွဲ့အစည်းလည်းဖြစ်သည်။ ၁၉၈၄ ခုနှစ် တွင် စတင်တည်ထောင်ခဲ့သော ADRA Myanmar သည် နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကယ်ဆယ်ရေးအကူအညီများ ပံ့ပိုးပေးသည့် ADRA ကွန်ရက်အတွင်း ရှေးအကျဆုံးနိုင်ငံရုံးများအနက်မှ တစ်ခုလည်းဖြစ်သည်။ ADRA Myanmar သည် အသက်မွေးဝမ်းကျောင်းမှု၊ ပညာရေး၊ ကျန်းမာရေးနှင့် အရေးပေါ်အခြေအနေတွင်တုံ့ပြန်ဆောင်ရွက်ခြင်းစသည့် အဓိကကဏ္ဍကြီးလေးခုဖြင့် စီမံကိန်းလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိသည်။ ADRA Myanmar ၏ ရုံးချုပ်မှာ ရန်ကုန်မြို့တွင် တည်ရှိပြီး ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်း ဒေသကြီးတို့တွင်လည်း ရုံးခွဲများကို ဖွင့်လှစ်ထားသည်။

# CONTENTS

၂ အယ်ဒီတာအဖွဲ့
၃ ဆောင်းပါး
၄ ကျွန်ုပ်တို့ဝန်ထမ်းနှင့် တွေ့ဆုံခြင်း
၅ ယခုလ ဓာတ်ပုံကဏ္ဍ
၆ နောက်ဆုံးရ စီမံကိန်း အချက်အလက်များ

# EDITORIAL

**EDITOR/TRANSLATOR**
Pyae Phyo Lin

**SUPERVISING EDITOR**
Vitalie Zegera

**CONTRIBUTERS**
Aung Cho Min, Aung Bo Bo Htay, Naw Mu Mu Saw
Nang Moung Koh Pawh Awr, Htay Htay Myint,
Zaw Moe Aung

**PUBLISHER**
ADRA Myanmar

*'Mingalaba' is the official newsletter of ADRA Myanmar re-launched in March 2020. Photos and content are the property of ADRA Myanmar.



## ထရီဇာ၏ ဇာတ်ကြောင်း

ထရီဇာသည် လွိုင်ကော်မြို့ရှိ ADRA Canada နှင့် Global Affairs Canada မှ ထောက်ပံ့သော BRIGHT စီမံကိန်းမှ ပံ့ပိုးပေးသော Teachers Establishing Education Services (TEES) ကျောင်းတွင် မူလတန်းပညာရေး တက်ရောက်နေသည့် အသက် ရှစ်နှစ်အရွယ် မိန်းကလေးတစ်ဦး ဖြစ်သည်။

သူမသည် ငယ်စဉ်ကတည်းက စာလုပ်လိုစိတ် ပြင်းပြခဲ့ပြီး သူမ၏ဆရာများနှင့် ရွယ်တူများကြားတွင် "စာကြမ်းပိုး" ဟူသော အမည်ပြောင်ကို ရရှိခဲ့သည်။ သူမ၏ ဉာဏ်ရည်ဉာဏ်သွေးနှင့် ထက်မြက်မှုတို့က သူမကို သိသာထင်ရှားစေခဲ့သည်။

သူမသည် ဖန်တီးရခြင်းကို ဝါသနာပါသည်။ သူမသည် ပန်းချီဆွဲခြင်း၊ ရှုခင်းပန်းချီများ ဖန်တီးခြင်းကို အထူးနှစ်သက်သူလည်းဖြစ်ပြီး ၎င်းသည် သူမ၏စိတ်ကို အေးချမ်းစေပြီး ကွဲလွဲနေသော စိတ်ခံစားချက်များကို ရှင်းလင်းပေးသောကြောင့်ဖြစ်သည်။


ထို့အပြင်၊ သူမသည် သူမ၏သူငယ်ချင်းများနှင့်အတူ ဂိမ်းကစားခြင်းကို ကြိုက်နှစ်သက်ပြီး သူမ၏ ကိုယ်ရည်ကိုယ်သွေးကို ဖော်ထုတ်နိုင်သည်။ သူမသည် ဘာသာရပ်အားလုံးတွင် သင်္ချာဘာသာရပ်ကို အကြိုက်ဆုံးဖြစ်သည်။ ကိန်းဂဏာန်းများနှင့် ပြဿနာဖြေရှင်းခြင်းဆိုင်ရာတွင်လည်း သူမ၏ ခွဲခြမ်းစိတ်ဖြာမှုစွမ်းရည်သည် ကောင်းမွန်လှသည်။

သူမ၏ အနာဂတ်အတွက် မျှော်မှန်းချက်မှာ  စူးစမ်းလိုစိတ်နှင့် အပင်ကြီးထွားမှုအပေါ် ပတ်ဝန်းကျင်အခြေအနေများ မည်ကဲ့သို့ အကျိုးသက်ရောက်စေသနည်းဟူသော စူးစမ်းလိုစိတ်ကြောင့် သိပ္ပံပညာရှင်တစ်ဦးဖြစ်လာရန် ဖြစ်သည်။ သူမသည် ရှားပါးပြီး ရှာဖွေတွေ့ရှိခြင်းမရှိသော မျိုးစိတ်များကို စူးစမ်းလေ့လာလိုသော ဆန္ဒကလည်းရှိနေသည်။

လက်ရှိတွင် သူမသည် အဘိုးအဘွားများနှင့်အတူ နေထိုင်လျက်ရှိသည်။ အကြီးဆုံးသမီးဖြစ်သောကြောင့်လည်း လုပ်စရာအလုပ်များကို တာဝန်ဝတ္တရားကျေပွန်စွာလုပ်ဆောင်ပေးသည်။ သူမသည် ခြောက်နှစ်အရွယ်မောင်လေးဖြစ်သူကိုလည်း သူမကဲ့သို့ စာကိုကြိုးစားပြီး လိမ်မာရေးခြားရှိစေချင်သည်။ သို့မသာ သူမတို့အနေဖြင့် မိသားစု၏ဝန်ထုပ်ဝန်ပိုးကို သက်သာစေမည်ဟုလည်း ယူဆထားသည်။

> "အခုလိုစာသင်ကြားနိုင်ဖို့ ကောင်းမွန်တဲ့ ပတ်ဝန်းကျင်ကို ဖန်တီးပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

ကျွန်ုပ်တို့ဝန်ထမ်းနှင့် တွေ့ဆုံခြင်း



# NAW MU MU SAW

**Project Manager - SEAQE2**

Q1 ဘာလူမျိုး / ဘယ်နိုင်ငံသားပါလဲ။
ကရင်၊ ဗမာပါ။

Q2 အကြိုက်ဆုံးအစားအစာက ဘာပါလဲ။
ထမင်းနှင့်ခေါက်ဆွဲပါ။

Q3 အကြိုက်ဆုံးအရောင်က ဘာအရောင်ပါလဲ။
Light blue

Q4 ပျော်ရွှင်ဖို့အတွက် ဘာကိုလုပ်ရတာ အကြိုက်ဆုံးလဲ။
ကလေးတွေနဲ့ဆော့ကစားရတာပါ။

Q5 ဘယ်နေရာဒေသ ဒါမှမဟုတ် ဘယ်နိုင်ငံကို သွားရောက်လည်ပတ်ချင်ပါသလဲ။
Taunggyi

Q6 ကိုယ့်ကိုယ်ကိုယ် စကားလုံးတစ်လုံးတည်းနဲ့ ဘယ်လိုအဓိပ္ပာယ်ဖွင့်ချင်လဲ။
Angry bird

Q7 ADRA ကိုဘယ်တုန်းက စတင်ဝင်ရောက်ခဲ့တာပါလဲ။
၂၀၁၆ ခုနှစ်ပါ။

Q8 ADRA မှာ အလုပ်လုပ်ရတာ ဘာကြောင့်ကြိုက်နှစ်သက်ပါသလဲ။
Friendly

## ကျွန်ုပ်တို့အဖွဲ့နှင့် လက်တွဲပါ

Adventist Development and Relief Agency (ADRA) သည် ကမ္ဘာတစ်ဝန်းရှိ ထိခိုက်လွယ်သော လူမှုအသိုင်းအဝန်းထံသို့ အကူအညီများပေးအပ်နိုင်ရန်အတွက် နိုင်ငံများအသီးသီးတွင် အကူအညီပေးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ADRA Myanmar သည်လည်း ADRA ကွန်ရက်အတွင်း 'အကောင်အထည်ဖော်ဆောင်ရွက်နေသော မြန်မာနိုင်ငံဆိုင်ရာရုံး ဖြစ်ပါသည်။

ကျွန်ုပ်တို့၏ဝဘ်ဆိုဒ် www.adramyanamr.org သို့ ဝင်ရောက်ကြည့်ရှုပါ။ သို့မဟုတ် သင့်စိတ်ပါဝင်စားမှုအတွက် recruitment@adramyanmar.org သို့ အခုပင်မေးလ်ပေးပို့လိုက်ပါ။




# CONTACT US

**The Adventist Development & Relief Agency Myanmar**
Apartment 3-2, 4th Floor, Block A, E Condominium,
Zay North Street (Off U Wisara Road),
Dagon Township, Yangon MYANMAR 11191

Phone: +95 1 240 900
Email: admin@adramyanmar.org
Website: adramyanmar.org

# နောက်ဆုံးရ စီမံကိန်း အချက်အလက်များ










## SHAPE

MFAT နှင့် ADRA New Zealand မှ ရန်ပုံငွေ ထောက်ပံ့ထားသည့် SHAPE စီမံကိန်းသည် အောက်ပါလုပ်ငန်းများကို ပြီးမြောက်ခဲ့သည်။

– တောင်သူလယ်သမားနေ့ အစည်းအဝေးကို ကျင်းပခဲ့ပြီး စီမံကိန်းပစ်မှတ်ကျေးရွာများမှ တောင်သူ(၆၆)ဦးနှင့် သုတေသနရလဒ်များကို ဆွေးနွေးခဲ့သည်။

– စီမံကိန်းလျာထားချက်ဧရိယာရှိ ကျေးရွာ ၁၂ ရွာရှိ ရေဝေရေလဲထိန်းသိမ်းရေး အစည်းအဝေး အောင်မြင်စွာ ပြီးဆုံးခဲ့သည်။ အရေးပါသော ရေဝေရေလဲထိန်းသိမ်းရေးနယ်မြေများကို ခွဲခြားသတ်မှတ်နိုင်ရန် အော့ဖ်လိုင်းမြေပုံများကို အသုံးပြုကာ ဆွေးနွေးခဲ့ကြသည်။




## ReCAP

ယခုလတွင် ReCAP စီမံကိန်းသည် အောက်ပါလုပ်ငန်းများကို ပြီးမြောက်ခဲ့သည်။

Multipurpose Cash Assistant (MPCA) အတွက် စီမံကိန်းအဖွဲ့သည် မကွေးတိုင်းဒေသကြီးအတွင်း ငွေသားဖြန့်ဖြူးမှုအတွက် အကျိုးခံစားခွင့်များကို စတင်ရွေးချယ်နေပြီဖြစ်သည်။ ကနဦးတွင် အဆိုပါဒေသတွင် ကျေးရွာ ၆ ရွာ စုစုပေါင်း အိမ်ထောင်စု ၅၉၉ စုကို ရွေးချယ်ခဲ့သည်။

– မွန်ပြည်နယ်အတွင်းရှိ Mobile Medical Unit 3 သို့ ပုံမှန်ကွင်းဆင်းကြည့်ရှုစစ်ဆေးခြင်းနှင့် ကျန်းမာရေးဝန်ဆောင်မှုများကို စစ်ဆေးရန်အတွက် MMU မှ လူနာများနှင့် ကျေးရွာခေါင်းဆောင်များအား တွေ့ဆုံမေးမြန်းခြင်း၊ လေ့လာကြည့်ရှုခြင်းတို့လုပ်ဆောင်ခဲ့ကြသည်။



# ဝန်ထမ်းသစ်
# မိတ်ဆက်

**NOVEMBER - DECEMBER**

## CALENDAR



## JANUARY 2024

| SUN<br>တနင်္ဂနွေ | MON<br>တနင်္လာ | TUE<br>အင်္ဂါ | WED<br>ဗုဒ္ဓဟူး | THU<br>ကြာသပတေး | FRI<br>သောကြာ | SAT<br>စနေ |
|---|---|---|---|---|---|---|
| | 1 | 2 | 3 | 4<br>Independence Day | 5 | 6 |
| 7 | 8 | 9 | 10 | 11<br>Kayin New Year | 12 | 13 |
| 14 | 15 | 16 | 17 | 18 | 19 | 20 |
| 21 | 22 | 23 | 24 | 25 | 26 | 27 |
| 28 | 29 | 30 | 31 | | | |

### UPCOMING EVENTS

Timesheets are due on the 25th of each month

ADRA